# စားသုံးရန်မသင့်သော
# အစားအသောက်များနှင့်ပတ်သက်၍
# အများပြည်သူသိရှိရန် အသိပေးကြေညာချက်
# အမှတ်စဉ် (စ-၃/ ၂၀၂၄)

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံး နိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။


ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေး တန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အစားအသောက်များ၌ စားသုံးသူများ၏ ကျန်းမာရေး ကို ထိခိုက်စေနိုင်သော ခွင့်မပြုဆိုးဆေးများ ပါဝင်နေမှုနှင့် ခွင့်ပြုအစားအသောက်ထပ်ဖြည့်ပစ္စည်း များအား သတ်မှတ်ပမာဏထက် ပိုမိုကျော်လွန်သုံးစွဲထားသည်တို့ကြောင့် ထိုအစားအသောက်များ ကို ရေရှည်စားသုံးမိပါက အစာအိမ်၊ အသည်း၊ ကျောက်ကပ်များပျက်စီးခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်ပါသဖြင့် ယခုဖော်ပြထားသော အစားအသောက်များကို စားသုံးခြင်းမပြုရန် အသိပေး အပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများ၊ ခွင့်မပြုတာရှည်ခံ ဓာတုပစ္စည်းများကို လုံးဝအသုံးမပြုရန်၊ ခွင့်ပြုအစား အသောက်ထပ်ဖြည့်ပစ္စည်းများကို သတ်မှတ်ပမာဏအတွင်းသာ အသုံးပြုရန်နှင့် လိုက်နာဆောင်ရွက် ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈ (က)အရ အရေးယူမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအသောက်နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ် နှင့်ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့် နေရာ |
|---|---|---|---|---|---|
| ၁။ | မြန်မာ့ရိုးရာ ပုန်းရည်ကြီး | စံထိပ်ထား (-/ Plastic Pack) | **Benzoic acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့ပေါ်ကုန်စုံဆိုင်၊ မကွေးမြို့။ |
| ၂။ | ဆားချိုသီးနှင့် သစ်သီးယိုစုံ | အေးဖွန် (-/ Plastic Pack) | **Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့ပေါ်ကုန်စုံဆိုင်၊ တောင်တွင်းကြီးမြို့။ |
| ၃။ | သစ်သီးယိုစုံ | တော်ဝင် (-/ Plastic Cup) | **Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့မဈေး၊ ရေနံချောင်းမြို့။ |
| ၄။ | မန်ကျည်းတော်ဖီ (Tamarind Toffee) | HITO (5 g/ Plastic Pack) | **Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |   | မြို့မဈေး၊ ရေနံချောင်းမြို့။ |
| ၅။ | အချိုရည် | Fruity (200 ml/ Plastic Cup) | **Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |   | မြို့ပေါ်ကုန်စုံဆိုင်၊ လှိုင်ကော်မြို့။ |

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ် နှင့်ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့ သည့်နေရာ |
|---|---|---|---|---|---|
| ၆။ | Strawberry Juice | တရုတ် စာသားပါ (200 ml/ Plastic Cup) | **Benzoic acid နှင့် Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့ပေါ်ကုန်စုံဆိုင်၊ လွိုင်ကော်မြို့။ |
| ၇။ | အချိုရည် | တရုတ် စာသားပါ (-/ Plastic Cup) | **Benzoic acid နှင့် Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့ပေါ်ကုန်စုံဆိုင်၊ လွိုင်ကော်မြို့။ |
| ၈။ | Preserved in Sugar Chery | Queen (200 g/ Plastic Bottle) Exp:27.5.2024 | ခွင့်မပြုဆိုးဆေး **Rhodamine B** ပါဝင်နေပြီး **Benzoic acid** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | ဖြိုးစတိုး၊ စစ်တွေမြို့။ |
| ၉။ | Juice & Jelly | Fancy (-/ Plastic Cup) | **Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | ဒွါရာဝတီမြို့မဈေး၊ သံတွဲမြို့။ |
| ၁၀။ | Juice & Jelly | Fancy (-/ Plastic Cup) | **Sodium Cyclamate** သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | ဒွါရာဝတီမြို့မဈေး၊ သံတွဲမြို့။ |

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ် နှင့်ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့် နေရာ |
|---|---|---|---|---|---|
| ၁၁။ | ယိုစုံ | ရွှေမိ (-/ Plastic Pack) | **Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |  | မြို့မဈေး၊ မြောက်ဦးမြို့။ |
| ၁၂။ | Raisin (ချစ်သူစပျစ်သီးခြောက်) | Funny Castle (25 g/ Plastic Pack) Exp:15.4.2025 | **Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |  | အ.ထ.က၊ ဒါးက၊ ကျောင်းမုန့်ဈေးတန်း၊ ကန်ကြီးထောင့်မြို့နယ်၊ |
| ၁၃။ | အသင့်စား ရခိုင်ငပိထောင်း | ဒွါရာဝတီရှယ် (100 g/ Plastic Cup) | **ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။** |  | ဒွါရာဝတီ မြို့မဈေး။ |
| ၁၄။ | နှမ်းဆီ | Spring’s City sesame Oil (250 ml/ Glass bottle) | **Iodine Value သတ်မှတ်ပမာဏထက် လျော့နည်းပါဝင်နေပါသည်။** |  | ကုန်မျိုးစုံဆိုင်၊ ပွင့်ဖြူမြို့။ |